
မာန်
မြေအောက်
ပင်လယ်ရဲ့
လျှို့ဝှက်ချက်
စာစဉ် - ၁

# မြေအောက်ပင်လယ်ရဲ့ လျှို့ဝှက်ချက်
# အခန်း (၇၃)
# အကူအညီအတွက် ပေးဆပ်ခြင်း
*

"ဟေး... ချားလ်စ်။ မတွေ့တာကြာပြီပဲ၊ ဘယ်တွေရောက်နေတာလဲ" ဝီလျံက လက်ထဲက ဝိုင်ခွက်ကို မြှောက်ကာ နှုတ်ဆက်လိုက်သည်။ သူက ချားလ်စ် မှတ်မိနေတဲ့အတိုင်းပင် မူးယစ်ရီဝေပြီး ဖရိုဖရဲ ဖြစ်နေဆဲပင်။

ချားလ်စ်၏ အကြည့်က အဲလိဇဘက်ဘေးမှာ ရပ်နေတဲ့ ရိုးရိုးယဉ်ယဉ် မိန်းကလေးတစ်ဦးဆီ ရောက်သွားပြီး "ဒါက..." ဟု မေးလိုက်မိသည်။

"ချာလီရဲ့ သမီးလေ။ ချာလီ ဆုံးသွားတော့ သူက အဖေဖြစ်သူရဲ့ သင်္ဘောကို ဆက်ခံပြီး စူးစမ်းရှာဖွေသူ ကပ္ပတိန်အသစ် ဖြစ်လာတာပေါ့" ဟု ဘေးနားက ဝဝကုတ်ကုတ် လူတစ်ယောက်က ဝင်ဖြေသည်။

ချာလီ...။ ချားလ်စ်၏ စိတ်ထဲတွင် သိသာထင်ရှားသော သိန်းငှက်နှာခေါင်းနှင့် တည်ကြည်လှသော လူလတ်ပိုင်းအမျိုးသားကြီးကို ချက်ချင်း ပြန်မြင်ယောင်လာသည်။

"သူ... ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ" ချားလ်စ် အံ့ဩတုန်လှုပ်စွာ မေးလိုက်မိသည်။ သူသည် စူးစမ်းရှာဖွေသူတစ်ဦးအဖြစ် အချိန်အတော်ကြာ ရှင်သန်ခဲ့သော်လည်း ရင်းနှီးသူတွေ အလွယ်တကူ သေဆုံးသွားတာကိုတော့ အသားမကျနိုင်သေးပေ။

ဝီလျံက လေချဉ်တစ်ချက်တက်ရင်း ရယ်လိုက်

သည်။ "သူ သေသွားပြီလေ။ ဒါပဲပေါ့။ ဘယ်လို သေတာလဲဆိုတာ အရေးကြီးလို့လား"

ချားလ်စ်၏ ရင်ထဲတွင် ဝမ်းနည်းမှုတစ်ခု ဖြတ်သန်းသွားသည်။ ချာလီနှင့် သူ၏ အဆက်အသွယ်တွေကြောင့်သာ ဆောင့်တွမ် အကြောင်းနဲ့ နေရောင်ခြည်အကြောင်း သဲလွန်စတွေ ရခဲ့ခြင်းဖြစ်သည်။ ပြန်ရောက်ရင် ကျေးဇူးတင်စကား ပြောမည်ဟု ကြံရွယ်ထားသော်လည်း ယခုတော့ နောက်ဆုံးတွေ့ဆုံခြင်း ဖြစ်သွားခဲ့လေပြီ။

ချားလ်စ်သည် ထိုမိန်းကလေးဘက်သို့ လှည့်ကာ "ငါက မင်းအဖေရဲ့ သူငယ်ချင်းပါ။ တစ်ခုခု အခက်အခဲရှိရင် ငါ့ကို လာရှာဖို့ မဝန်မလေးနဲ့နော်" ဟု ပြောလိုက်သည်။ ချာလီက သူ့ကို တစ်ကိုယ်ကောင်းမဆန်ဘဲ ကူညီခဲ့ဖူးသဖြင့် သူ၏သမီးကို ပြန်လည်စောင့်ရှောက်ပေးရန်မှာ

သူ၏ တာဝန်ပင်ဖြစ်သည်။

ထို့နောက် ချားလ်စ်သည် ဆိုဖာပေါ်တွင် ထိုင်နေသော အရုပ်ရှည်ရှည် အလှပဂေးဆီသို့ အကြည့်လွှဲလိုက်သည်။ သူမသည် သူ ဒီကနေ့ လာရခြင်း၏ အဓိက အကြောင်းရင်း ဖြစ်သည်။

"ငါတို့ အပြင်မှာ ခဏလောက် စကားပြောလို့ ရမလား" ချားလ်စ်က မေးလိုက်သည်။

အဲလစ်ဇဘက်၏ နှုတ်ခမ်းများက တစ်ခဏမျှ ကွေးညွတ်သွားသော်လည်း ချက်ချင်းပင် ပြန်ပြင်လိုက်ကာ "ဒီနေ့တော့ မရဘူး။ ငါ စိတ်မပါဘူး" ဟု အေးစက်စက် ပြန်ဖြေသည်။

ဝီလျံနှင့် ကျန်သော ကပ္ပတိန်များက တဟားဟား ရယ်မောလိုက်ကြသည်။ သူတို့သည် ချားလ်စ်နှင့် အဲလစ်ဇဘက်တို့ကြားက ထူးဆန်းသော ဆက်ဆံရေးကို ရိပ်မိနေကြသည်မှာ ကြာပြီဖြစ်သည်။

ချားလ်စ်သည် ဘာစကားမှ ထပ်မပြောတော့ဘဲ အမျိုးသမီး ဝတ်နားကပ်တစ်ခုကို ထုတ်ပြလိုက်ရာ အဲလစ်ဇဘက်၏ မျက်နှာ တည်သွားတော့သည်။ သူမသည် မိန်းကလေးကို လွှတ်လိုက်ပြီး ချားလ်စ်နောက်သို့ ချက်ချင်းလိုက်လာခဲ့၏။

အသင်း၏ အဝင်ဝတွင် သူတို့နှစ်ဦး ရပ်လိုက်ကြသည်။

"ငါ့ရဲ့ 'နားကပ်' က မင်းဆီ ဘယ်လိုရောက်နေတာလဲ" အဲလစ်ဇဘက်က တည်ကြည်သောလေသံဖြင့် မေးသည်။

ချားလ်စ်က ဘာမှမပြောဘဲ နားကပ်ကို သူမထံပြန်ပေးလိုက်သည်။ ထို့နောက် သူမ၏ မျက်စိအုပ်ကို လှန်ကြည့်လိုက်ရာ ဟာလာဟင်းလင်းဖြစ်နေသော မျက်တွင်းအနက်ရောင်မှာ ကျွန်းပေါ်က လူသားအလောင်းတွေရဲ့ မျက်လုံးတွေ

အတိုင်းပင်။

"ငါ့မေးခွန်းကို ဖြေစမ်း။ ငါ ဒီရတနာကို အရမ်း အန္တရာယ်များတဲ့ ကျွန်းတစ်ကျွန်းမှာ အရင်က ဆုံးရှုံးခဲ့တာ။ မင်းဆီ ဘယ်လိုရောက်နေတာလဲ"

ချားလ်စ်သည် ခဏမျှ တိတ်ဆိတ်သွားပြီး နောက် ထိုကျွန်းပေါ်တွင် ဖြစ်ပျက်ခဲ့သမျှကို အဲ လစ်ဇဘက်အား အေးအေးဆေးဆေး ပြန်ပြော ပြလိုက်သည်။

"ငါ မင်းကို မုန်းလို့မဟုတ်ဘူး။ တကယ်တော့ မင်းလို လှပတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်ဝင်စားမှုကို ရတာ ငါ ဝမ်းသာပါတယ်။ ဒါပေမဲ့ တောင်းပန်ပါတယ်... ငါ လုပ်စရာ အရေးကြီးတဲ့ အလုပ်တစ်ခု ရှိနေလို့ မင်းအလိုရှိ တဲ့အတိုင်း ငါ မလိုက်လျောနိုင်ဘူး"

အဲလစ်ဇဘက်က ခပ်ခြောက်ခြောက် ရယ်လိုက် ရင်း "အော်... ဆိုတော့ ငါ့မျက်လုံးက မင်းကို

ကူညီခဲ့လို့ မင်းက ငါ့အပေါ် အားနာနေတာပေါ့ ဟုတ်လား။ အဲဒီလို ဖြစ်နေဖို့ မလိုပါဘူး။ အဲဒါ က ငါ့ရဲ့ တခြားမျက်လုံးတစ်ဖက်က ပြောတဲ့ စကားတွေပဲ၊ ငါ့ရဲ့ စိတ်ရင်းမဟုတ်ဘူး။ ဘာမှမ ဖြစ်ခဲ့သလိုပဲ သဘောထားလိုက်ပါ" ဟု ပြောကာ အထဲသို့ ပြန်ဝင်ရန် လှည့်ထွက်သွားသည်။

ချားလ်စ်သည် 'လက်တံလက်စွပ်' ကို အသုံးပြု ကာ အဲလစ်ဇဘက်ကို တားလိုက်ပြီး သူ၏ အင်္ကျီ အိတ်ထဲမှ စာရွက်ထပ်တစ်ခုကို ထုတ်ပေးလိုက် သည်။ အဲလစ်ဇဘက်သည် ဇဝေဇဝါဖြင့် ဖတ် ကြည့်လိုက်ရာ စာမျက်နှာတိုင်းမှာ သူမကို အံ့သြ မှင်သက်သွားစေသည်။

"ဒီကျွန်းမှာ ရေချို ရှိတယ် ဟုတ်လား" သူမ၏ အသံမှာ အတိုင်းထက်အလွန် အံ့သြသွားသဖြင့် စူးရှသွားသည်။

"ငါ အဲဒီကျွန်းရဲ့ တစ်ဝက်ကျော်ကို စူးစမ်းပြီး

ပြီ။ အန္တရာယ်အရှိဆုံးကတော့ ၁၀၀၂ ပဲ။ အဲဒါနဲ့ ပတ်သက်တဲ့ အသေးစိတ် အချက်အလက်တွေကို ဒီမှာ ရေးထားတယ်။ မင်းသာ အဲဒါကို ဖြေရှင်းနိုင်ရင် ဒီနေရာက လူနေလို့ရတဲ့ ကျွန်းအသစ် ဖြစ်လာလိမ့်မယ်"

အဲလစ်ဇဘောက်၏ လက်များ တုန်ရင်နေသည်။ လူနေလို့ရတဲ့ ကျွန်းတစ်ကျွန်းရဲ့ သတင်းအချက်အလက်ဆိုသည်မှာ တန်ဖိုးဖြတ်၍ မရပေ။ ကပ္ပတိန်တွေဟာ ထိုကဲ့သို့သော ကျွန်းမျိုးကို ရှာဖွေဖို့ အသက်ကို ရင်းနေကြရခြင်း ဖြစ်သည်။

"ဒါက ငါ့မျက်လုံးရဲ့ အကူအညီအတွက် ပေးဆပ်တာဆိုရင်တော့ ငါ အခုထိ လက်မခံနိုင်သေးဘူး" ဟု ဆိုကာ စာရွက်များကို ပြန်ပေးရန် ကြိုးစားသော်လည်း ချားလ်စ်က လှည့်ထွက်သွားခဲ့ပြီ ဖြစ်သည်။

"ယူထားလိုက်ပါ။ ငါ့အတွက် ဒါက သိပ်ပြီး အသုံးမဝင်ဘူး။ ငါတို့ရဲ့ ပန်းတိုင်တွေက မတူဘူး လေ။ ပြီးတော့ ဒီကျွန်းကို မင်းအရင် ရောက်ခဲ့တာပဲ၊ ဒါကြောင့် မင်းနဲ့ပဲ ထိုက်တန်ပါတယ်"

ချားလ်စ်သည် လူစည်ကားရာ ဆိပ်ကမ်းဘက်သို့ လျှောက်သွားရင်း ရစ်ချက်၏ ရယ်သံကို ကြားလိုက်ရသည်။

"ကြည့်စမ်း... ငါတို့က ဘယ်လောက်တောင် ရက်ရောသလဲ။ လူနေလို့ရတဲ့ ကျွန်းတစ်ကျွန်းကို မျက်တောင်တစ်ချက် မခတ်ဘဲ ပေးပစ်လိုက်တာပဲ"

"အဲလစ်ဇဘက်က ငါတို့အသက်ကို ကယ်ခဲ့တာပဲ၊ ငါ သူ့တစ်ပါးအကြွေး မတင်ချင်ဘူး။ ငါတို့အတွက်က ကျွန်းတွေမှာ စူးစမ်းဖို့ သင်္ဘောတစ်စင်းရှိရင် လုံလောက်ပြီ" ဟု ချားလ်စ်က ပြန်ပြောသည်။

"မင်းရဲ့ အကြွေးကို ခန္ဓာကိုယ်နဲ့ ပြန်ဆပ်လို့ရတာပဲ။ မင်းကိုယ်မင်း ဘီလျံနာ သူဌေးကြီးလို့ ထင်နေတာလား။ ကျွန်းတစ်ကျွန်းကွ၊ ကျွန်းတစ်ကျွန်း!"

"၁၀၀၂ က ဖြေရှင်းဖို့ မလွယ်ဘူး။ ငါတို့မှာ အချိန်ဖြုန်းနေဖို့ အားမရှိဘူး။ ငါတို့ရဲ့ ပန်းတိုင်က ဒီကျိန်စာသင့် ပင်လယ်ပြင်မှာ ဘုရင်လုပ်ဖို့ မဟုတ်ဘူး၊ မျက်နှာပြင်ကမ္ဘာကို ပြန်ဖို့ပဲဆိုတာ မမေ့နဲ့"

ထိုစဉ် ချားလ်စ်၏ နောက်မှ တစ်စုံတစ်ယောက်က ကပ်လိုက်လာသည်ကို ခံစားလိုက်ရသဖြင့် သူ၏ ဘယ်ဘက်လက်ကို လှမ်းထုတ်ကာ ထိုသူကို ရှုံ့ဖွက်ထဲသို့ လွှဲပစ်လိုက်သည်။ သူ၏ မမြင်ရသော လက်တံများဖြင့် ခိုးယူခံလိုက်ရသော ပိုက်ဆံအိတ်ကို ပြန်ယူလိုက်ပြီး သူခိုး၏ လက်မောင်းကို အားကုန် နင်းချလိုက်သည်။

'ဂွပ်' ခနဲ အသံနှင့်အတူ အရိုးကျိုးသွားသည့် အသံမှာ ပတ်ဝန်းကျင်၌ ကျယ်လောင်သွားပြီး သူခိုး၏ အော်ဟစ်သံများ ထွက်ပေါ်လာသည်။ ဘေးနားက လူများမှာ ထိတ်လန့်တကြားဖြင့် ချားလ်စ်အနားမှ ခွာသွားကြ၏။

ချားလ်စ်သည် လမ်းမပေါ်တွင် ရည်ရွယ်ချက်မရှိဘဲ လျှောက်သွားနေမိသည်။ ငါးဖမ်းသမားတွေ၊ လူမိုက်တွေ၊ သင်္ဘောသားတွေ... အားလုံးက ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေကြသည်။ သူတို့ကြားတွင် ချားလ်စ်သည် စီးဆင်းနေသော မြစ်ထဲက ကျောက်ဆောင်တစ်ခုလိုပင် တစ်ယောက်တည်း ထီးထီးကြီး ဖြစ်နေတော့သည်။

လာစတိုက သူ့ကို အနားယူရန် ပြောခဲ့သော်လည်း သူသည် မည်သို့ အနားယူရမည်ကို မသိပေ။ အပြည့်အဝ အပန်းဖြေခြင်းဆိုသည့်

အသိစိတ်မှာ သူ့အတွက် အတော်စိမ်းနေခဲ့သည်မှာ ကြာပြီဖြစ်သည်။

တကယ်တော့ အပြည့်အဝ အနားယူခြင်းသည် ကျွန်းတစ်ကျွန်းကို စူးစမ်းရှာဖွေခြင်းထက်ပင် ပို၍ ခက်ခဲနေပါတော့သည်။

***